ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

၂၀ ရက်မြောက်နေ့ အစီအစဉ်

[ ၁၇-၁၂-၂၀၁၅ ] (ကြာသပတေးနေ့) ၁၃၃၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးခင်မောင်ညို၊ လှိုင်ကော် မဲဆန္ဒနယ်၏ လှိုင်ကော်မြို့တွင် တိုးချဲ့တည်ဆောက်နေသော လေယာဉ်ကွင်းပြေးလမ်း တည်ဆောက်မှုနှင့် စပ်လျဉ်းပြီး လေယာဉ်ပြေးလမ်းနှင့် မလွတ်သော ရပ်ကွက်၊ ကျေးရွာ၊ ဘာသာ၊ သာသနာကျောင်းများ ဆုံးရှုံးနစ်နာမှုများအား မည်ကဲ့သို့ ဆောင်ရွက်ပေးမည်နည်း၊ ဆက်လက်တိုးချဲ့ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းဝင်းခိုင်၊ သိန္နီ မဲဆန္ဒနယ်၏ လားရှိုးမြို့မှ သိန္နီမြို့အထိ အာဆီယံ ဟိုက်ဝေးလမ်း AH 14 လမ်းကို ဖောက်လုပ်ချဲ့နေဆဲ ဖြစ်ရာ လမ်းဖောက်ချဲ့မည်ဆိုပါက အစီအစဉ်များအားလုံး ပြည်သူများအား အသေးစိတ်ချပြ ဆွေးနွေးညှိနှိုင်းမှုများ ရှိ၊ မရှိ၊ ပျက်စီး

ဆုံးရှုံးသွားသော ပြည်သူများ၏ ပိုင်ဆိုင်မှုများအားလုံး ထိုက်တန်သော လျော်ကြေးငွေများ ပေးလျော်ရန် အစီအစဉ်ရှိ၊ မရှိ နှင့် လျော်ကြေးငွေများပေးပါက မည်ကဲ့သို့ ပမာဏအတိုင်းအတာအထိ ပေးလျော်မည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသိန်းညွှန့်၊ သဃ်ာန်းကျွန်း မဲဆန္ဒနယ်၏ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏလုပ်အားပေး အိမ်ရာနေ ပြည်သူများအား လွန်ခဲ့သောနှစ်က သက်ဆိုင်ရာက အိမ်ငှားရမ်းခများ တိုးမြှင့်သတ်မှတ်လာခြင်းနှင့် ပတ်သက်ပြီး မေးမြန်းခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ရှင်းလင်းဖြေကြားချက်ကို အကောင်အထည်ဖော်ရန်နှင့် မူလလုပ်အားပေးခဲ့သူ မိသားစုများမှ အိမ်ငှားခ ပုံမှန်ပေးသွင်းခဲ့သူများကိုလည်းကောင်း၊ မူလလုပ်အားပေးခဲ့သူများထံ ဝယ်ယူနေထိုင် ငှားရမ်းခ ပေးသွင်းသူများကိုလည်းကောင်း တရားဝင်အမည် ပြောင်းလဲပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အစည်းအဝေး ၁၈ ရက်မြောက်နေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဦးမြသိန်း၊ မုဒုံ မဲဆန္ဒနယ်က ဆွေးနွေးခြင်း၊

၇။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည် ပေးပို့သော "ဘက်စုံ ပို့ဆောင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ လက်ခံ ရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော "ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော "ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။